# FOR .bat FILE

**ကျွန်တော်လည်း စာအုပ် မရေး ဖြစ်တာ ကြာပြီ အခု ရေး တဲ့ အကြောင်းက လူငယ်တွေ ကြား မှာ ခေတ်စား နေတဲ့ .BAT အကြောင်းလေးပါ ကျွန်တော် သူများတွေ ရေး ထားတဲ့ စာအုပ်တွေ အများကြီးထဲက ကောက်နှုတ် ဖော်ပြ ပေး ထားပါတယ်**

## .BAT (BASIC LEVEL)

.bat မှာ အများ ဆုံး နဲ့ အခြေ ခံ အကျ ဆုံး (3)ခု ကို ရှင်း ပြ ပါမယ်

1-echo

2-@echo on/off

3-pause
 အဲဒါတွေ ပဲ ဖြစ်ပါတယ်

အဲဒါ တွေကို ရှင်းဖို့ အတွက် example လေး တစ်ခု အရင်လုပ် ကြည့် ကြမယ်.....
အရင် ဆုံး @echo on / off အကြောင်းကို အရင် ရှင်း ပြ ပါမယ်
Computer မကျွမ်း ကျင် သေး လို့ သေချာ ရှင်းပြ ပေးပါဆို လို့ ပုံ နှင့် တကွ ရှင်းပြ ထားပါတယ်
Computer ကျွမ်းကျင် သူ များ ဖတ်လျှင် (အသေး စိတ်နီး ပါး ရှင်းထားတဲ့ ပုံတွေက) အနှောက် မယှက် ဖြစ် နိုင်ပါတယ်...

**@echo off**

**Echo Hello, Welcome to http://lovelyjoker.weebly.com**

**Pause**

အဲဒီ စာလေး ကို window tool ဖြစ်တဲ့ notepad မှာ ရေး ရပါ မယ်..
ပြီး ရင် File> save>...... အဲဒီနောက် Fig 1 ကို ကြည့် နိုင် ပါတယ်





**Fig. 1**

အဲဒီ မှာ သိမ်း ချင်တဲ့ နေရာကိုရွေးပါ... အဲဒါ ကို ရွေး ပြီး ရင်





**Fig. 2**

ပုံ မှာ ပြ ထား တဲ့ အတိုင်း 1 , 2 , 3 , 4 အဆင့် အတိုင်း နိုပ်ပါ
တစ် ခု သတိထား ရ မှာ က 3 နေရာ မှာ ကို ပေး ချင် တဲ့ နာမ်မည် ကို ပေး နိုင်ပါတယ် ကျွန်တော်က တော့ lesson.bat လို့ ပေး ထားပါတယ် အဓိက ကတော့ ကို ပေး တဲ့ နာမ်မည် ရဲ့ နောက် မှာ .bat ဆို တာလေးပါဖို့ပါပဲ

File သိမ်း ပြီး သွား ပြီ ဆိုရင် 

ဒီ လို icon လေးကို တွေ့ရ မှာ ပါ
ကိုယ် သိမ်း ပြီး တဲ့ file ကို D-click နှိပ်လိုက်ပါ Fig 3 လိုပုံ တွေ ရပါလိမ့်မယ်





**Fig. 3**


အဲဒါ က @echo off လို့ ရေးလိုက်တဲ့ file ပါ
@echo on နဲ့ off ဘယ်လိုကွာလဲ ဆိုတာလေ့ လာဖို့ အောက် က စာလေးကို notepad မှာ ရေးလိုက်ပါ

**@echo on**

**echo Hello, Welcome to http://lovelyjoker.weebly.com**

**pause**

အဲဒီ စာလေးကို ခုဏက နည်းအတိုင်း Notepad မှာ ရေး ပြီး lesson2.bat လို့ save လိုက်ပါ...
ပြီး ရင် အဲဒီ file ကို Run လိုက်ပါ .... Fig. 4 ကို ကြည့် နိုင်ပါတယ်




## Fig. 4

အဲဒီ မှာ file address ပိုလာတာကိုတွေ့ ရပါမယ် file address က တော့ file save လုပ် တဲ့ နေရာပေါ် မူတည် ပြီး ပြောင်းလဲ နေ မှာ ဖြစ် ပါတယ်...
အဲဒီ File address ပေါ် ရတဲ့ အကြောင်း ကတော့ @echo on လို့ ရိုက် လိုက် တဲ့ အတွက်ပါ တကယ်လို့ @echo off လို့ ရိုက်ရင်တော့ Fig. 3 အတိုင်းတွေ့ ရ မှာပါ file address ပါ လာ မှာ မဟုတ် ပါဘူး....
@echo on နဲ့ @echo off အကြောင်းသိသွား ပြီဆိုတော့ @echo off သုံး ရင် ပို အဆင် ပြေမယ် ဆိုတာ နားလည်လောက်ပြီနော်...

## Echo ဆို တဲ့ အကြောင်းလေးကို ပြော ပြ ပေးပါမယ်

ကျွန်တော်တို့ဟာ ရိုး ရိုး ဝါကျ တစ်ကြောင်းကို program run တုန်း မှာ ပြချင်တယ်ဆိုရင် ရှေ့ မှာ echo လို့ ထည့် ရိုက် ပေး ရ ပါမယ်
( ဥပမာ - ဆိုရင် ခုဏ က program မှာ တုန်းက လို
**Hello, Welcome to http://lovelyjoker.weebly.com** ဆိုတဲ့ စာ လေးကို
Simple phrase တစ်ခု လောက် ပဲ ပြချင်တယ်ဆိုရင် ထည့်ရိုက်ပေး ရ မှာပါ....

# Pause အကြောင်းကိုရှင်းပြပါမယ်

Pause ဆိုတာ က အများသိကြတဲ့ အတိုင်း ရပ်ပါလိုပြောတာပါ
.batch file ကို ခဏ ရပ်ချင်တဲ့ အခါ pause ဆိုတာကိုသုံးရပါတယ်
အဲဒါကိုသုံးလိုက်ရင် .bat file က ကျွန်တော်တို့ KEY တစ်ခုခု မနှိပ်ဘဲ ဆက် မrun တော့ ပါဘူး။ တကယ်လို့ KEY တစ်ခုခု နှိပ်မယ်ဆိုရင်တော့ သူ ဆက် run စရာရှိတာကို ဆက် Run သွား မှာ ဖြစ်ပါတယ်...... Run စရာ မရှိရင် program က ပိတ်သွားမှာ ဖြစ်ပါတယ်
အဲဒီ အကြောင်းကို သေချာ နားလည်ဖို့ အောက်ပါ CODE လေးကို RUN ကြည့် စေ ချင်ပါတယ်

```
@echo off
echo Hello, Welcome to http://lovelyjoker.weebly.com
pause
echo Free sharing E-book
pause
```

အဲဒီကုတ်လေးကို Fig.1နဲ့ Fig.2 လို သိမ်းပါ
lesson3.bat လို save လိုက်ပါတယ် ကျွန်တော်ကတော့...
ပြီး ရင် အဲဒီ file ကို Run လိုက်ပါ .... Fig. 5ကို ကြည့် နိုင်ပါတယ်





**Fig. 5**

အဲဒါကိုတွေ့ရင်တော့ Key တစ်ခုခု နှိပ်လိုက်ပါက နောက်ထက် ရေးသားထားတဲ့ စာကြောင်းလေး နောက် တစ်ကြောင်းကိုတွေ့ ရ ပါလိမ့်မယ် Fig. 6ကို ကြည့် နိုင်ပါတယ်





**Fig. 6**

တကယ်လို့ စာကြောင်းထပ် ပြီး မရေး ထား ရင် ဒီ နေရာက နေkey တစ်ခုခုနှိပ်လိုက်ရင် program ပိတ်သွားမှာဖြစ်ပါတယ် တကယ်လို

```
echo Hello, Welcome to http://lovelyjoker.weebly.com
pause
echo Free sharing E-book
```

အဲဒီ စာကြောင်းလေး နှစ်ကြောင်းကြားမှာ pause ဆိုတာ မထည့် ရင်တော့ စာ နှစ်ကြောင်းလုံး ပေါင်းပေါ် နေမှာပါ သေချာသိချင် ရင်တော့ စာကြောင်း ကြားက pause ဆို တာကိုဖြုတ် ပြီး ထပ် စမ်း ကြည့်လိုက်ပါ

## ထပ်ပြီး ဒါထက် နည်းနည်း မြင့်တဲ့ cls နဲ့ msg အကြောင်းကို ဆွေးနွေး ရအောင်

Msg - ဆိုတာက တော့ Message ဆိုတာကို အတိုကောက်ရေး ထားတာပါ
Cls - ဆိုတာက တော့ Clear screen ဆိုတာကို အတိုကောက်ရေးထားတာပါ

လက်တွေ့ စမ်းသပ်ကြည့် ကြမယ်နော်

```
@echo off
echo Hello, Welcome to " http://lovelyjoker.weebly.com "
pause
cls
echo (Free sharing E-Book)
pause
msg * Bye Bye! See you online. My mail is
lovely.lovelyjoker@gmail.com
pause
```

အဲဒီ Code လေးကို ထုံးစံ အတိုင်း notepad ထဲ မှာ ရေး ပြီး run လိုက်ပါ Fig. 7





**Fig. 7**

အပေါ် ပုံ အတိုင်း တွေ့ ရ မှာ ပါ နောက် Key တစ်ခုခုနှိပ်လိုက်ရင် Fig. 8 အတိုင်းတွေ့ ရ မှာ ပါ





**Fig. 8**

အဲဒီမှာ cls ရဲ့ ထူးခြား ချက်ကို တွေ့ရမှာပါ ပထမ စာကြောင်း ပျောက်သွားတာကိုတွေ့ ရ ပြီး ဒုတိယ အကြောင်းကိုပဲ ရှင်းရှင်းလင်းလင်းတွေ့ ရမှာပါ…..
ဒီလောက်ဆိုရင် cls ရဲလုပ်ဆောင်ပုံကို နားလည်ပြီလို့ ယူဆလိုက်တော့မယ်နော်

နောက်တစ်ခု msg ဆိုတဲ့ အကြောင်းကို ရှင်း ပြပါမယ် ..

**msg * Bye Bye! See you online. My mail is lovely.lovelyjoker@gmail.com**

**pause**

ဆိုပြီး ထည့် ရေး ထားလို့ Fig. 9 လိုနေ ရာကနေ key တစ်ခုခု ရိုက်လိုက်ရင် အောက်ကပုံ Fig. 10 အတိုင်းတွေ့ရပါလိမ့်မယ်





**Fig. 10**

အဲဒီ မှာ Key တစ်ခုခု နှိပ်လိုက်ရင် program ဆက် rum ဖို့ မရှိတော့ တဲ့ အတွက် ပိတ်သွားပါ လိမ့် မယ် message box ကို တော့ ok ဒါမှ မဟုတ် cross ကိုနှိပ်လိုက်ရင် ပိတ်သွားပါလိမ့်မယ်

## Call နဲ့ Exit အကြောင်းကို ဆက် ပြီး ရှင်းပြပါမယ်

```
@echo off
echo Wow.. I am very sleepy. Now, It's 2:30 AM.
call eg2.bat
pause
exit
```

ဆိုတဲ့ code လေးကို အရင် notepad နဲ့ ရေး ပြီး eg1.bat file တစ်ခု အနေနဲ့ folder တစ်ခုဆောက်ပြီး save လိုက်ပါ
နောက် တစ်ခု nodepad ကို အသစ်တစ်ခု ကို ယူပြီး

```
@echo off
* Bye Bye! See you online. My mail is
lovely.lovelyjoker@gmail.com
Pause
```

အဲဒီ code လေးကိုရိုက်ပြီး ရင် file save ပါ
အပေါ် မှာ **call eg2.bat** လို့ ရေးလိုက်တဲ့ အတွက် File name ကို eg2.bat လို့ပေး ရပါမယ်..eg1.bat ရှိတဲ့ folder လေး ထဲကိုထည့် ပြီး သိမ်းထားရပါမယ်..
အကုန်လုံးလုပ်ပြီးသွားရင် eg1.bat file လေးကို run ကြည့် လိုက်ပါ call ဆိုတဲ့ code လေး ရဲ အသုံးဝင်ပုံ ကို တွေ ရပါလိမ့်မယ်
Call ဆိုတာကို ထည့် ရတဲ့ အကြောင်း အရင်းကတော့ နောက် .bat file လေး တစ်ခုကို ဆက် run ခိုင်းတာ ဘဲ ဖြစ်ပါတယ်
အဲဒါကို စမ်း ရင်း Exit ရဲ့ အလုပ်လုပ်ပုံကို လည်း စာဖတ်သူသိပါလိမ့်မယ်..ကို
သေချာချင်ရင်တော့ eg1.bat  file မှာ ရေးထားတဲ့ code ကို exit ဖြုတ်ပြီး ယှဉ်run ကြည့်လိုက်ပါ............

စာဖတ်သူတို့ စိတ်ကူး ရသလို စာကြောင်းလေးတွေ ထည့် .bat file လေးတွေ လုပ်ရင်းပျော်ရွှင်ပါစေနော်..........

မရှင်း လင်းသော အချက်များရှိပါကလည်း lovely.lovelyjoker@gmail.com ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်




---